# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံ့ဝန်ထမ်းဥပဒေကိုဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆။)**

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်

(၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁) တွင် ပါရှိသော "လွှတ်တော် အသီးသီးက ရွေးချယ်တာဝန်ပေးအပ်သော လွှတ်တော် အဖွဲ့အစည်းများ၏ အကြီးအမှူးများ" ဆိုသည့် စကားရပ်ကို "လွှတ်တော်များ၏ အကြီးအမှူးများ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (စ) တွင် ပါရှိသော "မြန်မာနိုင်ငံအမျိုးသား လူ့အခွင့် အရေးကော်မရှင်ရုံး" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ (ဈ) ၏နောက်တွင် ပုဒ်မခွဲ (ည) အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည် -

"(ည) **ပြည်သူ့ဝန်ထမ်း** ဆိုသည်မှာ အစိုးရက ခန့်အပ် ထားသည်ဖြစ်စေ၊ မခန့်အပ်ထားသည်ဖြစ်စေ အောက်ပါပုဂ္ဂိုလ်များ ပါဝင်ပါသည်-

(၁) နိုင်ငံ့ဝန်ထမ်း၊

(၂) နိုင်ငံရေးရာထူးတွင် ခန့်အပ်ခံရသူများ၊

(၃) နိုင်ငံရေးရာထူးတွင် ခန့်အပ်ခြင်းခံရသော ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်များနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော ဥပဒေများအရ ခန့်အပ်ထားခြင်းခံရသူများ၊

(၄) အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်များနှင့် တရားရုံးများတွင် တာဝန်ထမ်းဆောင်နေသော်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ထားခြင်း မဟုတ်သောသူများ၊

(၅) ရွေးကောက်တင်မြှောက်ခြင်းဖြင့်ဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ရွေးချယ်တာဝန်ပေးခံရသူ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော လုပ်ပိုင်ခွင့်ရှိသည့် ပြည်သူ့ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် ၎င်းကဖွဲ့စည်းပေးသော အဖွဲ့အစည်းတွင် ပါဝင်သူများ၊ ၎င်းတို့၏ကိုယ်စား လွှဲအပ်ခြင်းခံရသူများ သို့မဟုတ် ထပ်ဆင့် တာဝန်ပေးအပ်ခြင်းခံရသူများ၊

(၆) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြည်သူ့ဝန်ထမ်းအဖြစ် မှတ်ယူရမည်ဟု သတ်မှတ်ခြင်းခံရသူများ၊

(၇) တစ်ဦးတစ်ယောက်သောသူကို ဖမ်းဆီးချုပ်နှောင်ရန် အခွင့်အာဏာရှိသူများ၊

(၈) လွှတ်တော် သို့မဟုတ် စည်ပင်သာယာရေးကော်မတီ သို့မဟုတ် အများပြည်သူဆိုင်ရာ လုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်း၏ အဖွဲ့ဝင်လူကြီးကို ရွေးချယ်ရန် အလို့ငှာ ရွေးကောက်ပွဲစာရင်းကို ရေးသားပြုစုရန် ဖြစ်စေ၊ ထုတ်ပြန်ကြေညာရန်ဖြစ်စေ၊ ပြင်ဆင်ရန်ဖြစ်စေ အခွင့်အာဏာအရ ရာထူးလက်ရှိဖြစ်သူများ၊

(၉) အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်များနှင့် တရားရုံးများတွင် လုပ်ငန်းသဘာဝအရ သီးခြား ခန့်အပ် တာဝန်ပေးထားသူများ။”

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ပြည်ထောင်စုအစိုးရအဖွဲ့ရုံး" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇၄ ၏ နောက်တွင် ပုဒ်မ ၇၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၇၄-က။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသည် လိုအပ်ပါက နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ပြည်သူ့ဝန်ထမ်းများ၏ ခံစားခွင့်များကို သတ်မှတ်နိုင်သည်။ ယင်းသို့ သတ်မှတ်ရာတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အသုံးစရိတ် ကျခံသုံးစွဲရမည့်ကိစ္စဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ အသုံးစရိတ်ကျခံသုံးစွဲရမည့်ကိစ္စဖြစ်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း ဆောင်ရွက်ရမည်။ "

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်